ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ညောင်ဦး မြို့နယ်

# လူထု ဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan ( VDP )

ဘုန်းတော် ကျေးရွာ ၊ တောင်ဇင်း အုပ်စု

၂၀၁၇ ခုနှစ်

ညောင်ဦးမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ညောင်ဦးမြို့နယ် လုထုဗဟိုပြုစီမံကိန်း




Theikdi Maung (M&E/MIS)



# လူမှုရေး/အရင်းအမြစ်ပြ မြေပုံအား သုံးသပ်ခြင်း

ဘုန်းတော်ကျေးရွာ တောင်ဇင်းအုပ်စု ရက်စွဲ ၊ ၆.၁၂၀၁၇

ဘုန်းတော်ကျေးရွာ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို သုံးသပ်ခြင်း အားဖြင့် ကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ၃၅၆ ) ရှိကြောင်း သိရပါသည်။ သို့သော် ရွာထဲတွင် အားလုံးနေထိုင်မှု မရှိကြဘဲ ယာတော ၊ ထန်းတောများတွင် ထန်းသမားများ နေထိုင်ကြောင်း သိရှိရပါသည်။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် ဘုန်းကြီးကျောင်း ၊ စေတီ ၊ စာသင်ကျောင်း ၊ တဲစုလေးများ ၊ ယာခင်း ၊ စိုက်ခင်းများနှင့်သဲချောင်းတည်ရှိပါသည် ။ တောင်ဘက်ပိုင်း ကန်မရေကန် ၊ စက်ရေတွင်း ၊ တိုက်နယ်ဆေးရုံ ၊ စားသောက်ဆိုင် နှင့် ပွဲရုံများ တည်ရှိပါသည် ။ အနောက်ဘက်ပိုင်းတွင် ညောင်ဦး - ကျောက်ပန်းတောင်းလမ်းမကြီး နှင့် ထရွန်စဖော်မာ ကို တွေ့ရှိရပါသည် ။ မြောက်ဘက်ပိုင်းတွင် ယာခင်း ၊ စိုက်ခင်းများ နှင့် သဲချောင်း ရှိပါသည် ။ ကျေးရွာတွင် မီးရရှိသော်လည်း မီးအား မပြည့်မှီသည်ကို ကျေးရွာလူထုပြောပြချက်အရ သိရှိရပါသည် ။ မြောက်ပိုင်းသည် ရေတွင်း ၊ ရေကန်ဖြင့် ဝေးနေသည်ကို တွေ့ရှိရပါသည် ။ သဘာဂ အရင်းအမြစ်များ အနေဖြင့် ယာခင်းများ ၊ ထန်းပင် နှင့် မကျည်းပင်များ တွေ့ရှိရသောကြောင့် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးခြင်း ၊ ထန်းတက်သောအလုပ် ၊ မကျည်းသီးများကို ခူး၍ လုပ်ကိုင် စားသောက်နိုင်ကြောင်းကိုသုံးသပ်မိပါသည် ။ ရွာ၏ အရှေ့ဘက်ပိုင်း နှင့် မြောက်ဘက်ပိုင်းတွင် သဲချောင်းရှိသည်ကို တွေ့ရှိရပါသည် ။ ထိုသဲချောင်းမှ သဲများကို ရွာသားများ အသုံးချနိုင်ကြောင်း သုံးသပ်မိပါသည် ။ ကျေးရွာ၏ လူမှုရေး/အရင်းအမြစ်ပြမြေပုံကိုဆွဲခြင်းအားဖြင့် ကျေးရွာသူ/သားများသည် ကျေးရွာ၏ လိုအပ်ချက်များ ၊ လက်ရှိအခြေအနေနှင့် ကျေးရွာတွင်ရှိနေပြီးဖြစ်သော သဘာဂအရင်းအမြစ်များကို သိရှိလာကြပါသည်။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာတွင် မီးအားမပြည့်မှီခြင်း ၊ အလုပ်အကိုင် ရှားပါးနေခြင်းနှင့်ငွေ နည်းပါးနေခြင်းများ လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

## တောင်ဇင်း အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ဘုန်းတော်

၂။ ကောင်းပင်စည်

၃။ ထနောင်းစု

၄။ မကျည်းစောက်

၅။ ကုန်းရွာ

၆။ ကွမ်းဖလား

၇။ ထရိုင်းတော

၈။ တောရွာ

၉။ စံပြ

၁၀။ ပနီတွင်း

၁၁။ ကံကဲ

၁၂။ ခွေးပြုတ်

၁၃။ ညောင်လှ

# ကျေးရွာ သမိုင်းကြောင်း

ကျေးရွာ အမည် = ဘုန်းတော် | အုပ်စု အမည် = တောင်ဇင်း | ရက်စွဲ ။ ၆.၁.၂၀၁၇

| စဉ် | ခုနှစ် | အကြောင်းအရာ | အကျိုးသက်ရောက် | | ခန့်မှန်းပုံ |
|---|---|---|---|---|---|
| | | | ဆိုးကျိုး | ကောင်းကျိုး | |
| ၁ | ၁၃၂၁ | ကမ္ဘာနာကျောက်ရောဂါ ကျရောက်ခဲ့ပါသည် | လူ(၂၀)ဦးမျှအသက်ဆုံးရှုံးခဲ့ရပါသည် | | ရွာလူထုနဲ့ပေါင်းပြီး ကျန်းမာရေးဌာန |
| ၂ | ၁၃၃၀ | ရေရှားပါးခဲ့ပါသည်။ညတွင်သွား၍တန်းစီးပြီး ရေပဒေသာတွင် တန်းစီးစောင့်ဆိုင်းခဲ့ရပါသည် | နေပူဒဏ်ခံရသောကြောင့် ကျန်းမာရေးထိခိုက် | | ကျေးရွာလူထု |
| ၃ | ၁၃၃၉ | လေကြီး မိုးကြီး ကျရောက်ခဲ့ပါသည် | ခန်းမဆောင်နှင့်နေအိမ် (၂၅)လုံးပျက်စီးခဲ့သည် | | ကျေးရွာလူထု |
| ၄ | ၁၃၅၃ | ကျေးရွာ မူလတန်းကျောင်းဆောက်လုပ်ခဲ့ပါသည် | | ကလေးများ ပညာရေး အဆင်ပြေခဲ့ပါသည် | ကျေးရွာလူထု |

# ကျေးရွာ သမိုင်းကြောင်း သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ　　　　တောင်ဇင်းအုပ်စု　　　　ရက်စွဲ ၊ ၆.၁.၂၀၁၇

ဘုန်းတော် ကျေးရွာသည် ၁၃၂၀ ခုနှစ်တွင် ကာ္လာနာ ကျောက်ရောဂါ ကျရောက်ခဲ့သည်ကို ကျေးရွာလူထု ပြောပြချက်အရ သိရှိခဲ့ရပါသည်။ လူ ( ၂၀ )ဦးမျှ အသက်ဆုံးရှုံးခဲ့ရပြီး ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ပြီး ရွာလူထုများဖြင့် ဖြေရှင်းခဲ့ပါသည်။ ၁၃၃၀ ခုနှစ် ကာလများတွင် ရေအလွန်ရှားပါးခဲ့ရပါသည်။ ရေရရှိဖို့အတွက် ညအချိန်ထိ တန်းစီစောင့်ဆိုင်းပြီး ရေခပ်ခဲ့ရပါသည်။ ထိုကာလများတွင် နေပူဒဏ်ခံရသောကြောင့် ကျန်းမာရေးလည်း ထိခိုက်ခဲ့ရပါသည်။ ကျေးရွာလူထုဖြင့် ပူးပေါင်းဆောင်ရွက် ဖြေရှင်းခဲ့ရပါသည်။ ၁၃၃၉ ခုနှစ်များတွင် သဘာဝဘေးအန္တရာယ် လေကြီး ၊ မိုးကြီး ကျရောက်ခဲ့သည်ကို သိရှိခဲ့ရပြီး ခန်းမဆောင်နှင့်နေအိမ် (၂၅) လုံး ပျက်စီးခဲ့ရပါသည်။ ကျေးရွာလူထု ပူးပေါင်းပြီး ပြန်လည်ထူထောင်ခဲ့ရသည်ကို သိရှိရပါသည်။ ၁၃၅၃ ခုနှစ်တွင် ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ မူလတန်းကျောင်း တည်ဆောက်ခဲ့ပါသည်။ ကလေးများအတွက် ပညာရေး အဆင်ပြေခဲ့ပါသည်။ ဘုန်းတော်ကျေးရွာ၏ သမိုင်းကြောင်း ဖြေရှင်းပုံများကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာလူထုများ ပူးပေါင်းပါဝင် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ကျေးရွာသည် လွန်ခဲ့သော နှစ်များစွာကတည်းက ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စုပေါင်းတက်ကြွစွာ လုပ်ဆောင်ခဲ့သည်ဟု သုံးသပ်မိပါသည်။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကျေးရွာလူထုများ စုပေါင်း၍ ကိုယ်ထူ ကိုယ်ထ လုပ်ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည်။

လူထုပေါင်းစုံပါဝင်သော လူမှုဘဝဆန်းစစ်ခြင်းနှင့် ဖော်ထုတ်ခြင်း လုပ်ငန်းစဉ်

(PSA / PRA) အကျဉ်းချုပ် ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကတွေ့ရှိချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (social map/ Resource map) | ၆.၁၀. ၂၀၁၇ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၂၅ | ၃၀ | ၅၅ | ကျေးရွာနယ်နိမိတ် အတွင်းရှိ အိမ်ခြေ၊ လယ် မြေ စိုက်ခင်း၊ ဘုရား ပုထိုးများစသော ကျေးရွာ၏ လက်ရှိအခြေ အနေနှင့် ပိုင်ဆိုင်မှုပြ အခြေအနေ များကို ရေးဆွဲ ဖော်ထုတ် ပါသည်။ |
| ၂။ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၆.၁ ၂၀၁၇ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ | ၂၀ | ၂၅ | ၄၅ | ရာသီဥတု စိုက်ပျိုးသီးနှံ များ၊ လယ်ယာလုပ်ငန်း များ၊ မွေးမြူရေး လုပ်ငန်းများ၊ ဝမ်းစာ ဖူလုံမှု နှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေး အစီအစဉ်ပြ ဇယား (Metric Ranking) | ၆.၁ ၂၀၁၇ | အမျိုးသားအုပ်စု အမျိုးသမီးအုပ်စု | ၇၅ | ၉၅ | ၁၇၀ | ကျေးရွာသူ ကျေးရွာသား များ၏ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်း လုပ်ငန်းခွဲများကို ညှိနှိုင်း တိုင်ပင်ရေးဆွဲခဲ့ ကြသည် |

လူထုပေါင်းစုံပါဝင်သော လူမှုဘဝဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းဆိုင်

(PSA / PRA) အကျဉ်းချုပ် ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကတွေ့ရှိချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၄။ | အဖွဲ့အစည်း ချိတ်ဆက်မှု (Venn Diagram) | ဒီ,၁ ၂၀၁၇ | ကျေးရွာသူ ကျေးရွာသားများ ကော်မတီဝင်များ ကျေးရွာဖွံ့ဖြိုး ရေးအဖွဲ့ဝင်များ | ၂၅ | ၁၅ | ၄၀ | ကျေးရွာအတွင်းတွင် ရှိနေသော လူမှုအဖွဲ့ အစည်းများနှင့် ကျေးရွာ လူထု အကြား ချိတ်ဆက် နေမှုကို ထင်ရှားမြင်သာ ရှိအောင် ဖော်ဆောင် နိုင်ခဲ့သည်။ |
| ၅။ | လူမှုစီးပွား အဆင့်သတ်မှတ် ခြင်း (Wealth Ranking) | ဒီ,၁ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး | ၁၅ | ၁၈ | ၃၃ | ကျေးရွာအတွင်းရှိ လူများ အကြား ငွေကြေး ပစ္စည်း ဥစ္စာ၊ ရာထူးအာဏာပိုင်ဆိုင် မှုအဆင့်ခွဲခြားပြသခြင်း ဖြင့် ကျေးရွာ အတွက် လိုအပ်မည့်ဝန်ဆောင် ရေး အစီအစဉ်များကို ထည့် သွင်းစဉ်းစားနိုင်ရန်စဉ်းစား ခဲ့ကြသည်။ |
| ၆။ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ဒီ,၁ ၂၀၁၇ | ကျေးရွာသူ၊ ကျေးရွာသား များ၊ အမျိုးသား အုပ်စု၊ အမျိုးသမီး အုပ်စု | ၂၀ | ၁၇ | ၃၇ | အမျိုးသား နှင့် အမျိုး သမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူအခွင့်အရေး ပညာသင်ကြားနိုင်မှု၊ ဘဝလုံခြုံမှု စသည့်အခြေ အနေအရပ်ရပ် ကိုဆွေးနွေး ခဲ့ကြသည်။ |

# ရာသီစွင်ပြ ပြက္ခဒိန်

ကျေးရွာ အမည် = ဘုန်းတော် အုပ်စု အမည် = တောင်ဇရပ် ရက်စွဲ ။ ၆.၁.၂၀၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွဲတော် | | | | | | | | | | | | |
| ရာသီဥတု | | | | | | | | | | | | |
| စိုက်ပျိုးချိန် | | | | | | | | | | | | |
| ရိတ်သိမ်းချိန် | | | | | | | | | | | | |
| ထန်းတက်ချိန် | | | | | | | | | | | | |
| ကုန်သွယ်ချိန် | | | | | | | | | | | | |
| ဝင်ငွေ / ထွက်ငွေ | | | | | | | | | | | | |
| ကျန်းမာရေး | | | | | | | | | | | | |

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ　　　　　　　တောင်ဇင်းအုပ်စု　　　　　　　ရက်စွဲ ၊ ၆.၁.၂၀၁၇

ဘုန်းတော် ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်းအား သုံးသပ်ရာတွင် ကျေးရွာတွင် သီတင်းကျွတ်လသည် ရွာ၏ အစည်ကားဆုံး ဘုရားပွဲတော်ဖြစ်ပါသည်။ ကျန်လများတွင်လည်း ပွဲတော် ၊ အလှူပွဲများ ၊ ပဌာန်း ပွဲတော်များ အနည်းငယ် ရှိနေသည်ကို သိရပါသည် ။ ရာသီဥတုသည် နွေ ၊ မိုး ၊ ဆောင်း ပြောင်းလဲ နေပြီး ဂါဆို ၊ ဂါခေါင်တွင် သီးနှံများ စိုက်ပျိုးကြပါသည် ။ သီးနှံများကို ဂါဆိုလတွင် အများဆုံးစိုက်ပျိုးပြီး နယုန်လနှင့် ဂါခေါင်လများတွင် အနည်းငယ်စိုက်ပျိုးသည်ဟု သုံးသပ်မိပါသည် ။ သီးနှံများကို ရိတ်သိမ်းရာတွင် သီတင်းကျွတ်လ တွင် စတင်ရိတ်သိမ်း၍ တန်ဆောင်မုန်းလ တွင် အများဆုံး ရိတ်သိမ်းပြီး နတ်တော်လတွင်နောက်ဆုံးထား၍ရိတ်သိမ်းသည်ကိုတွေ့ရပါသည် ။တပို့တွဲလတွင်ထန်းစတက်ချိန်ဖြစ်၍ တပေါင်း ၊ တန်ခူးလများသည် ထန်းတက်ချိန် အများဆုံး ဖြစ်ပြီး ဂါဆိုလတွင် ထန်းသိမ်းချိန်အဖြစ်တွေ့ရှိရပါသည် ။ ကုန်ပစ္စည်းများကို ရောင်းချရာတွင် တော်သလင်းလတွင် စတင်ရောင်းချပြီး တန်ဆောင်မုန်းလ နှင့် တပို့တွဲလ များတွင်လည်း ရောင်းချနေကြသည်ကို သိရှိခဲ့ရပါသည်။ ဘုန်းတော် ကျေးရွာစီးပွားရေး အတွက် ဂင်ငွေတွင် သီတင်းကျွတ်လသည် အကောင်းဆုံး ဖြစ်ပါသည် ။ သီးနှံများ ရိတ်သိမ်းပြီးချိန်း ဖြစ်သောကြောင့်လည်း ဂင်ငွေကောင်းပါသည် ။ တပေါင်းလတွင် ထန်းတက်ချိန်အများဆုံးဖြစ်၍အသင့်အတင့် ဂင်ငွေရှိပါသည် ။ ကျန်လများတွင် အနည်းငယ်သာ ရှိသည်ကို တွေ့ရှိရပါသည် ။ ကျန်းမာရေး မကောင်းသော ဖြစ်တတ်သောလများမှာ တော်သလင်းလတွင်အများဆုံး ဖြစ်ပြီးဂါဆိုလနှင့်သီတင်းကျွတ်လများတွင် အနည်းငယ် ဖြစ်တတ်သည်ကို သုံးသပ်မိပါသည် ။ ထို့ကြောင့် အစည်းအဂေးများလုပ်ငန်းများ ပြုလုပ်ရာတွင် မည်သည့်လများ၌ လုပ်သင့်သည်ကိုသိရှိလာနိုင်ကြောင်း သုံးသပ်မိပါသည် ။

# ဥစ္စာ ဓနပိုင်ဆိုင်မှု ခွဲခြားခြင်း

ကျေးရွာ အမည် = ဘုန်းတော်　　　အုပ်စု အမည် = ဒေါင်ဒင်း　　　ရက်စွဲ ။ ၆.၁.၂၀၁၇

| စဉ် | အုပ်စု | ပိုင်ဆိုင်မှု | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | အပြေလည်ဆုံး အုပ်စု | လယ်မြေဧက (၁၅) ဧကထက်၊ နွား နွားမရှင်း၊ ကား၊ နွားလယ်ထိုက်အိမ်၊ ပွဲရုံ၊ ပဲခွဲစက်၊ ဘီရို၊ အမှုန့်ကြိတ်စက်၊ ကုန်စုံဆိုင် | ၂၅ | ၈ % |
| ၂ | ပြေလည်သောအုပ်စု | လယ်မြေဧက (၈) ဧကထက်၊ နွားတစ်ရှင်း၊ R.ထော်လာဂျင်း၊ ဘီရို၊ အိမ်ဆိုင်၊ ဆိုင်ကယ်၊ ဖုန်း၊ TV၊ ရေခဲသေတ္တာ၊ စားဝတ်နေရေး (၆) လစာ ဖူလုံ | ၇၀ | ၂၂ % |
| ၃ | အသင့်အတင့်ပြေလည်သောအုပ်စု | လယ်မြေဧက (၄) ဧကထက်၊ နွားတစ်ရှင်း၊ နက်ဘော်ထော်လာဂျင်း၊ ဆိုင်ကယ်၊ ဖုန်း၊ TV စားဝတ်နေရေး ၃ လစာ ဖူလုံ | ၉၀ | ၂၉ % |
| ၄ | မပြေလည်သော အုပ်စု | နွားမ၊ ဘီတီ၊ ဝက်၊ ကြက်၊ ဝရံတာ ဘွဲ့ပါမိုးအိမ် ဖုန်း စားဝတ်နေရေး တစ်ရက်လုပ် တစ်ရက်စား | ၁၀၉ | ၃၄ % |
| ၅ | နွမ်းပါးသော အုပ်စု | ဝင်ငွေရှာမှုမိုး ဝင်ငွေရှာကောအိမ်၊ စားဝတ်နေရေးအတွက် ဆွေမျိုးများနှင့် ကျေးရွာလူထုများမှ စောင့်ရှောက် ကျေးဇူးမပြုစောင့်ရှောက် | ၂၀ | ၇ % |

# ဥစ္စာဓနပိုင်ဆိုင်မှု ခွဲခြားခြင်း အား သုံးသပ်ချက်


ဘုန်းတော်ကျေးရွာ　　　　　　တောင်ဖင်းအုပ်စု　　　　　　ရက်စွဲ ၊ ၆.၁.၂၀၁၇

ဘုန်းတော် ကျေးရွာ၏ ဥစ္စာဓန ပိုင်ဆိုင်မှု ခွဲခြားခြင်းကို သုံးသပ်ရာတွင် ကျေးရွာအခြေနေအရ အုပ်စုအဆင့် ( ၅ ) ဆင့်ဖြင့် သတ်မှတ်သည်ကို တွေ့ရှိရပါသည် ။ အုပ်စု တစ်ခုချင်းစီတွင်လည်း ပိုင်ဆိုင်မှု များကို ကျေးရွာ၏လက်ရှိ အခြေအနေအတိုင်း ဆွေးနွေးသတ်မှတ်ခဲ့သည်ဟု သုံးသပ်မိပါသည် ။ အုပ်စု အဆင့် ( ၅ ) ခုမှာ အပြေလည်ဆုံးအုပ်စု ၊ ပြေလည်သော အုပ်စု ၊ အသင့်အတင့် ပြေလည်သော အုပ်စု မပြေလည်သော အုပ်စု နှင့် နွမ်းပါးသောအုပ်စုတို့ ဖြစ်ပါသည် ။ပိုင်ဆိုင်မှုများကိုသတ်မှတ်ထားသော်လည်း အားလုံးပိုင်ဆိုင်သည်ဟု မဆိုလိုနိုင်ပါ ပျှမ်းမျှစွာ သတ်မှတ်ထားခြင်း ဖြစ်သည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာတွင် မပြေလည်သော အုပ်စုများ အများဆုံး ရှိနေပြီး နွမ်းပါးသော အုပ်စုများလည်း ရှိနေပါသည် ။ လူမှုရေး ၊ စီးပွားရေး ၊ အလုပ်အကိုင် ၊ စားဝတ်နေရေးသည် ကျေးရွာတွင်လိုအပ်နေသည်ဟု သုံးသပ်မိ ပါသည် ။

ဘုန်းတော် ကျေးရွာတွင် ထိုသို့ သတ်မှတ်ခွဲခြားခြင်းအားဖြင့် ကျေးရွာသူ / သားများအားလုံး သည် မိမိတို့ကျေးရွာ၏ လက်ရှိအခြေအနေ အိမ်ထောင်စုများကို သေချာသိကျွစွာ သိရှိလာသည်ဟု သုံး သပ်မိပါသည် ။ မိမိတို့ ကျေးရွာတွင် မပြေလည်သော အုပ်စုတွင် ပါဝင်သောသူတို့၏ အခက်အခဲများ ၊ လိုအပ်ချက်များကို သိရှိလာသောကြောင့် သူတို့အတွက် ဦးစားပေး စဉ်းစားပေးရန်လည်း သိရှိလာကြ သည် ။ စီမံကိန်းနှင့် ပတ်သက်သော အစည်းအဝေးများ ၊ လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်လာစေရန် ဦးစားပေး ထည့်သွင်းစဉ်းစားပေးဖို့ကိုလည်း သိရှိလာသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရ သော် လူထုဗဟိုပြု စီမံကိန်း၏ ထူးခြားချက်များသည် ကျား ၊ မ တန်းတူ အခွင့်အရေး နှင့် ကျေးရွာရှိ အိမ် ထောင်စု အားလုံးကို ခွဲခြားမှု မရှိစေဘဲ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တန်းတူပူးပေါင်းပါဝင်ဆောင် ရွက် လုပ်ကိုင်ရသည်ကို ကျေးရွာလူထုအားလုံး နားလည်သဘောပေါက်ကြသည်ဟု သုံးသပ်မိပါသည် ။

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဗန်းကားချပ်

ကျေးရွာ - ဘုန်းတော် အုပ်စု - တောင်ဖြေင်း ရက်စွဲ ၊ ၆.၁.၂၀၁၇




ပါဝင်ဆွေးနွေးသူများ - ကျေးရွာလူထု

# အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ် သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ　　　　　　တောင်ဖင်းအုပ်စု　　　　　　ရက်စွဲ ၊ ၆.၁.၂၀၁၇

ဘုန်းတော် ကျေးရွာအတွင်းတည်ရှိနေသောအဖွဲ့များနှင့် ချိတ်ဆက်နေသောအဖွဲ့များတွင် စက်ဝိုင်းများသည် အကြီး ၊ အလတ် ၊ အသေး ကွဲပြားခြားနားနေသည်ကို တွေ့ရှိရပါသည် ။ စက်ဝိုင်းများသည် ကျေးရွာ၏ သြဇာပါဝါ ရရှိမှုကို ကိုယ်စားပြုသည်ဟု ကျေးရွာလူထုနှင့် ဆွေးနွေးခဲ့ပါသည် ။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ကျေးရွာလူထု ၊ လူထုဗဟိုပြု အဖွဲ့ ၊ ဆယ်အိမ်မှူး အဖွဲ့များသည် ကျေးရွာတွင် သြဇာကြီးသော အဖွဲ့များဖြစ်ကြသည်ကို တွေ့ရှိရပြီး မီးကော်မတီ ၊ သ.မ အဖွဲ့ ၊ ငွေပဒေသာဘင်အဖွဲ့များသည် အသင့်အတင့်ရှိနေသည်ကို တွေ့ရှိရပါသည် ။ ရေကော်မတီ ၊ ပရဟိတအဖွဲ့ ဂေါပကအဖွဲ့ ၊ ပက်မြန်မာ ၊ ဂတ်အသင်း ၊ မြကျွန်းသာ အဖွဲ့များ ရှိသည်ကို တွေ့ရှိရပါသည် ။ ကျေးရွာအတွင်းရှိ အဖွဲ့များ အားလုံးသည် ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်နေသည်ကိုလည်း တွေ့ရှိရသာကြောင့် စည်းလုံးညီညွတ်မှု နှင့် ပူးပေါင်းပါဝင်မှုများ အပြင် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း စုပေါင်း တိုင်ပင် ဆွေးနွေးကြသည်ဟု သုံးသပ်မိပါသည် ။ ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြ ဇန်းကားချပ်အား ဆွဲလိုက်ခြင်းအားဖြင့်ရွာတွင် လက်ရှိတည်ရှိနေသော အဖွဲ့အစည်းများ သိရှိလာခြင်း ပါဝါရှိသော အဖွဲ့များနှင့် ချိတ်ဆက်နေသောအဖွဲ့များကိုလည်း သိရှိလာကြောင်းသုံး သပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာသည်စုပေါင်းပြီး စည်းလုံးညီညွတ်မှုများနှင့်ဆွေးနွေးတိုင်ပင်လုပ်ဆောင်ကြသည်ကို တွေ့ရှိရပါသည် ။

# ကျား ၊ မပိုင်ဆိုင်မှုပြ ဇယား

ဘုန်းတော်ကျေးရွာ - တောင်ရှင်းအုပ်စု

ရက်စွဲ - ၆.၁.၂၀၁၇

## အရင်းအမြစ် သုံးစွဲမှု ပုံစံပြ ဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| နွား | ရွှေထည် | ဆိုင်ကယ် |
| နွားလှည်း | အပ်ချုပ်စက် | ဖုန်း |
| ထွန် | ကုန်စုံဆိုင် | ဗီရို |
| ကား | ကွမ်းယာဆိုင် | ဖိနပ် |
| ပုဆိုး | ဝါဂွမ်းကီ | သတ္တုအိုး |
| ဆိုင် | ထမင်းချက်ဖို | ကြွေပန်းကန် |
| | | မီးအိုး |
| | | ထမင်းအိုး |
| | | ယာခင်း |
| | | မွေ့ရာ |
| | | စက်ဘီး |
| | | TV |
| | | တောင်ကျော်ငါး |

## အရင်းအမြစ် ထိန်းချုပ်မှု ပုံစံပြ ဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| နွား | ရွှေထည် | ပုဆိုး |
| နွားလှည်း | အပ်ချုပ်စက် | ကုန်စုံဆိုင် |
| ထွန် | ဝါဂွမ်းကီ | ကွမ်းယာဆိုင် |
| ကား | | ထမင်းချက်ဖို |
| ဆိုင် | | ဆိုင်ကယ် |
| | | ဖုန်း |
| | | ဗီရို |
| | | ဖိနပ် |
| | | သတ္တုအိုး |
| | | ကြွေပန်းကန် |
| | | မီးအိုး |
| | | ထမင်းအိုး |
| | | ယာခင်း |
| | | မွေ့ရာ |
| | | စက်ဘီး |
| | | TV |
| | | တောင်ကျော်ငါး |


# ကျား ၊ မ ပိုင်ဆိုင်မှု သုံးသပ်ချက်

ဘုန်းတော် ကျေးရွာ　　　　　တောင်ဇင်းအုပ်စု　　　　　ရက်စွဲ ၊ ၆.၁.၂၀၁၇

ဘုန်းတော် ကျေးရွာ ကျား ၊ မ အရင်း အမြစ် သုံးစွဲမှု နှင့် အရင်းအမြစ် ထိန်းချုပ်မှုပြ ဇယား ကို ကြည့်လိုက်ခြင်း အားဖြင့် ကျေးရွာတွင် သုံးစွဲနေသော အရင်းအမြစ်များကို သိရှိလာပြီး အမျိုးသား များ နှင့် အမျိုးသမီး တို့ သုံးစွဲနေသော အရင်းအမြစ်များကိုလည်း သိရှိလာခဲ့ရပါသည် ။ ထို အရင်းအမြစ် များကို မည်သူတွေက ထိန်းချုပ်နေသည်ကိုလည်း သိရှိလာခဲ့ရပါသည် ။ ကျား ၊ မ ပိုင်ဆိုင်မှုပြ ဇယားကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာ၏ သုံးစွဲနေသော အရင်းအမြစ်များနှင့် ထိန်းချုပ်မှုများကို သိရှိလာသည် ကို တွေ့ရှိရပါသည် ။

# ကျား ၊ မ ရေးရာပင့်ကူအိမ် နှိုင်းယှဉ်ခြင်း

ကျေးရွာ - ဘုန်းတော် အုပ်စု - ဆောင်ရေး ရက်စွဲ ၆.၁.၁၇




ကျား ——

မ ——


# ကျား/မ ရေးရာ ပင့်ကူအိမ် သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ　　　　　　တောင်ဖင်းအုပ်စု　　　　　　ရက်စွဲ ၊ ၆.၁.၂၀၁၇

ဘုန်းတော် ကျေးရွာ၏ ကျား/မ ရေးရာ ပင့်ကူအိမ်အား သုံးသပ်ခြင်းအားဖြင့်အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများအောက် အဆင့် ( ၂ ) ဆင့် ရောက်ရှိနေပြီး အမျိုးသားများက ဝင်ငွေပိုပြီး ရရှိနေသည့် အနေအထားတွေ့ရပါသည် ။ ထို့ကြောင့် အမျိုးသမီးများအတွက် အိမ်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည် ။ ပညာရေးမှာ အမျိုးသမီးများက အဆင့် ( ၁) ဆင့်တက်နေသည်ကို တွေ့ရှိရပြီး အမျိုးသမီးများကို ပညာရေးတွင် ဦးစားပေးသည်ဟု သုံးသပ်မိပါသည် ။ ကျန်းမာရေးတွင် အမျိုးသမီးများသည် အမျိုးသားများအောက် အဆင့် ( ၂ ) ဆင့် ရောက်ရှိနေပြီး အမျိုးသားများသည် သွားလာရေး လွယ်ကူသော်လည်း အမျိုးသမီးများသည် မလွယ်ကူသောကြောင့်ဟု သုံးသပ်မိပါသည် ။ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုတွင် အမျိုးသားများက ( ၁ ) ဆင့် သာနေပါသည် ။ အိမ်မှုကိစ္စတွင် အလုပ်များနေသောကြောင့် ဖြစ်ပါသည် ။ အစည်းအဝေးများ တက်ရောက်ပါဝင်မှုတွင် အမျိုးသားများက အဆင့် ( ၁ ) ဆင့်သာ တက်နေပါသည် ။ အမျိုးသမီးများ ပူးပေါင်းပါဝင်ရန် လိုအပ်နေသည်ကို တွေ့ရပါသည် ။ ခေါင်းဆောင်မှု အခြေအနေတွင် အမျိုးသမီးများမှာ အမျိုးသားများအောက် အဆင့် ( ၅ ) အထိ ရှိနေ၍ အမျိုးသားများ အနေဖြင့်အမျိုးသမီးများကို ပူးပေါင်း ပါဝင်ရန် ခေါ်ဆောင်သင့်ပါသည် ။ လုံခြုံမှုတွင် အမျိုးသားများ နှင့် အမျိုးသမီး တန်းတူ ရှိနေသည်ကို တွေ့ရှိရသောကြောင့် အမျိုးသားများကစောင့်ရှောက်နေပါသည်။ အိမ်မှုကိစ္စတွင်အမျိုးသမီးများသည်အဆင့်( ၁၀) ဆွေးနွေးထားကြပြီး အမျိုးသားများသည် အဆင့် ( ၃ ) တွင် ရှိနေပါသည် ။ ဘုန်းတော်ကျေးရွာ၏ ကျား / မ ရေးရာ ပင့်ကူအိမ်ကို ဆွဲလိုက်ခြင်းအားဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ ကွာခြားချက်များကို ကျေးရွာလူထုများ ကိုယ်တိုင် သိရှိလာရပါသည် ။ အချုပ်အားဖြင့် ဆိုရသော် မတူညီသော အဆင့်များကိုတူညီအောင် လုပ်ဆောင်ကြပြီး ဖြေဖြေချင်း အဆင့်များ တက်သွားအောင် ပူးပေါင်းပါဝင် ဆွေးနွေး လုပ်ဆောင်သင့်သည်ဟု သုံးသပ်မိပါသည် ။

# ပြဿနာ သစ်ပင်

ဘုန်းတော် ကျေးရွာ | တောင်ဇရင်းအုပ်စု | ၆.၁.၂၀၁၇



# ပြဿနာ သစ်ပင် သုံးသပ်ချက်

ဘုန်းတော်ကျေးရွာ တောင်ဖင်းအုပ်စု ရက်စွဲ ၊ ၆.၁.၂၀၁၇

ဘုန်းတော် ကျေးရွာ၏ မီးအခက်အခဲ ပြဿနာသစ်ပင်အား သုံးသပ်ခြင်းအားဖြင့် ပြဿနာ၏ အဓိက အကြောင်းအရင်းအမြစ်ဖြစ်သော ထရွန်စဖာမာမီးအားမပြည့်မှီခြင်း ၊ မီးကြိုးမလုံလောက်ခြင်း ၊ တောပိုင်းတွင် မီးတိုင်များ မရှိခြင်း ၊ စီးပွားရေး အဆင်မပြေခြင်း နှင့် အလုပ်အကိုင် မရှိခြင်းတို့ကြောင့် မီးအတွက် အခက်အခဲများ ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည် ။ ထိုအကြောင်းအရင်းများကြောင့် ကျေးရွာမီးမလင်းခြင်း ၊ ကလေးများ စာကြည့်ဖို့ ခက်ခဲခြင်း ၊ မီးဘေးကြောက်ရခြင်း ၊ ထင်းမီးများ အသုံးပြုနေရသည့်အတွက် သစ်တောများ ဖြုန်းတီးခြင်း ၊ အလုပ်အကိုင်များ ခက်ခဲခြင်း နှင့် ပညာ ၊ ဗဟုသုတများ နည်းပါးခြင်းကြောင့် အကြောင်းတရား၏ အကျိုးဆက်များ ဖြစ်ပေါ်လာသည်ကို သိရှိရပါသည် ။ ထို့ကြောင့် ကျေးရွာတွင် မီးအတွက် လိုအပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများမှာ ထရွန်စဖော်မာ လိုအပ်ခြင်း ၊ မီးတိုင် နှင့် မီးကြိုးများ လိုအပ်ခြင်း နှင့် စီးပွားရေး ကောင်းမွန်စေရန် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိအောင် ဆောင်ရွက်ရန် လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့် ဆိုရသော် ပြဿနာသစ်ပင် ရေးဆွဲလိုက်ခြင်းအားဖြင့် ကျေးရွာတွင် လိုအပ်ချက်များ နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အတွက် ဦးစားပေးလုပ်ငန်းများလည်း သိရှိလာသည်ကို သုံးသပ်မိပါသည် ။ ကျေးရွာလူထုအားလုံးလည်း ကျေးရွာ၏ အခက်အခဲများအားလုံးကို ဖြစ်ပေါ်စေသော ဇစ်မြစ်များကို သိရှိလာကြောင်း တွေ့ရှိရပါသည် ။

ဘုန်းတော်ကျေးရွာ ။

# ကျေးရွာ စီမံကိန်း အထောက် အကူပြု ကော်မတီ

တောင်ရေး၊ ဒုတ်ရ

**ဥက္ကဋ္ဌ**

ဦး သိန်းဝို

ဒေါ် မြင့်မြင့်ခင်

**ဝယ်ယူရေး ဆပ်ကော်မတီ**

ဥက္ကဋ္ဌ - ဦး ကျော်နိုင်

မှတ်တမ်းထိန်း - ဒေါ်ဝတ် သာခင်၊

အဖွဲ့ဝင် - ဒေါ် မြိုင်

**စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ**

ဥက္ကဋ္ဌ - ဦး မြ ဦး

အဖွဲ့ဝင် - ဦး ဇော်မင်း ထိုက်

အဖွဲ့ဝင် - ဒေါ် ခင်မာနိုင်

**လုပ်ငန်းလည်ပတ် ပြုပြင် ထိန်းသိမ်း ရေး ဆပ်ကော်မတီ**

ဥက္ကဋ္ဌ - ဦး သန်းညွန့်

အဖွဲ့ဝင် - ဦး ဝင်းချောင်း

အဖွဲ့ဝင် - ဒေါ် နန်း ကြူခင်

---

**စေတနာ့ဝန်ထမ်း**

ဦး ကျော်ဝေ

ဒေါ် ထက်ထက်မို့ ဦး

**ဝေဖန် အကြံ ပြု ကိုယ်စားလှယ်**

ဦး စိန်အောင်မင်း

ဒေါ် ခင်ခင် အေး

**ငွေစာရင်းကိုင်**

ဦး တင်ထွန်း

ကော်မတီဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများ





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ ကောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး အောင်ငွေ | ၀၉ -၂၅၆၇၃၀ ၈၇၃ | ဦး ကျော်ဝင်းဖြိုး |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး မန္တလေး | မြို့နယ် ညောင်ဦး | ကျေးရွာအုပ်စု တောင်ရပ် | ကျေးရွာ ဘုရားတော် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၃၁၄ | ဘာသာ (၁) ဗုဒ္ဓ | ၃၁၄ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂၀ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၄၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၃၅ | ၈၈၃ |
| လူမျိုးစု (၁)------------ | ဗမာ | ဗမာ |
| လူမျိုးစု (၂)------------ | | |
| လူမျိုးစု (၃)------------ | | |
| အိမ်ထောင်ဦးစီး | ၂၉၄ | ၂၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☑ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☑ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် နတ်စင် ဓမ္မာရုံ | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☑ | ☑ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☑ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | (မော်တော်ဆိုင်ကယ်လမ်း) |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ.

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၀၂ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------၅ မိနစ်------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်------၅ မိနစ်------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ၁၉၉၆ ခုနှစ်တွင် ရေကြီး မိုးကြီး ကျရောက်

**(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ရေ ကော်မတီ

(၂) ဆီ ကော်မတီ

(၃) GAD မှတ်တမ်းတင်ထားမှု ရှိပါသည်။

ကျေးရွာခေါင်းဆောင် — အမည် ဦး အောင်ငွေ

လက်မှတ် [signature] နေ့စွဲ ၆.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဦး ကျော်ဝင်းဖြိုး

လက်မှတ် [signature] နေ့စွဲ ၆.၁.၂၀၁၇

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးကျော်ဇေဖြိုး | | | | | | |
| နေ့စွဲ | ၅.၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ | ☐ စက်ဝန်း(၁) | ☑ စက်ဝန်း(၂) | ☐ စက်ဝန်း(၃) | ☐ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း | ရှမ်းလေး | မြို့နယ် | ညောင်ရွှေ | ကျေးရွာအုပ်စု | တောင်ခေး | ကျေးရွာ | ဘုန်းတော် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် | လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၅.၁.၁၇ | ၅.၁.၁၇ | ၇၅ | ၉၅ | ၁၇၀ | ၁၇၀ | ၆၈ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၆.၁.၁၇ | ၆.၁.၁၇ | ၇၅ | ၉၅ | ၁၇၀ | ၁၇၀ | ၆၈ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၄.၁.၁၇ | ၁၄.၁.၁၇ | ၃၃ | ၂၀ | ၅၃ | ၅၃ | ၆၈ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၄.၂.၁၇ | ၄.၂.၁၇ | | | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ကိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်ခင်မြိုး

| | |
|---|---|
| နေ့စွဲ 6.7.2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/တိုင်း မွန်ရေး | မြို့နယ် ပေါင်ဒြိ | ကျေးရွာအုပ်စု တောင်ရင်း | ကျေးရွာ ဘုန်းတော် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စာကြည့်ရန် နှင့် ချက်ပြုတ်ရန် အခက်ခဲ (တော) | ၁ | ရွာတွင်းလမ်း နီး ရေများလာသဖြင့် ရေမရှိသောက် |
| ၂ | ရေခပ်ရ တာဝေးလွန်း (တောင်တဲ) | ၂ | အိမ်များသာ ကျဲကျဲပစ်စစ် (မိုး အား) နည်း |
| ၃ | ရွာကားလမ်း အဆောက်အအက် လမ်းချော်ကျော် တောဖြစ်သဖြင့် သွားရခက်ခဲ | ၃ | တောင်ကိုက် အက်ခြမ်းတွင် မိုးကြိုး တိုင် မရောက် သဖြင့် လိုအပ် |
| ၄ | ရွာကားလမ်း အဆောက်အအက် မီးတိုင်မရှိ | ၄ | တောင်ကိုက် အက်တွင် ရေ မရောက်၍ ခက်ခဲ |
| ၅ | အဖွဲ့ အဆောက်အဦးတွင် ရေခပ်ရဝေးခြင်း / မီးကြိုး မီးတိုင် ခက်ခဲ | ၅ | အစည်း အဝေး လုပ် ရန် နေရာ ခက်ခဲ၍ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | တင်းကုန် ဆက်သွားမယ်၊ အိုး မည်း မပေတော့ပါ။ | ၁ | ရေတွေ ပေါများ လာစေရန် |
| ၂ | ရေတွေ တောထိ အဆင်သင့် ရရန် | ၂ | မိုးအား များ လာလာ ချမ်းသာ / ပညာရေးကောင်းမွန် |
| ၃ | လမ်းပန်း ဆက်သွယ်ရေး ကောင်းရန် | ၃ | တောတက်က် ရေ နှင့် မီး အဆင်သင့် ဖြစ်ရန် |
| ၄ | ကျောင်း မီး တွေ လင်း နိုင် မယ်။ | ၄ | အိမ်ရောက် ရေပိုက်တွေ ရကြ ရန် |
| ၅ | တောကိုက်တွေမှာ ရေ နှင့် မီး အကုန်သင့်ရ ရန် | ၅ | ခန်းမ ပါ၍ စည်းဝေး နေရာ မခက်ခဲစေရန် |

**ဂ။** လူထုစီမံကိန်း၏ လာမည့် (၅) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | မီးကြိုး၊ မီးတိုင် | ကျား+မ | 14000000 | 1718 |
| ၂ | ရေသိုလှောင်ကန် နှင့် ရေပိုက်လိုင်း | ကျား+မ | 10000000 | 1718 |
| ၃ | ဘက်စုံသုံး ခန်းမ | မ | 12000000 | 1718 |
| ၄ | ရွာကားလမ်း အဆောက်အအက် လမ်းပြုပြင်ခြင်း | ကျား+မ | 5000000 | 1718 |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၅) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဈေးသည်များအတွက်ငွေကြေးအရင်းအနှီး | မ | |
| ၂ | လူငယ်အမျိုးသမီးများ | မ | |
| ၃ | လက်မှုသင်တန်း | | |
| ၄ | စိုက်ပျိုးရေး၊ မွေးမြူရေး | ကျား + မ | |
| ၅ | အတွက်အရင်းအနှီး | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးသိန်းမြ --------------- လက်မှတ် [signature] --------------- နေ့စွဲ ၆.၁.၂၀၁၇

# ပုံစံ - ၁ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး[illegible] |
| ရက်စွဲ ၁၄ . ၁ . ၂၀၁၇ — စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(V) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မကွေး — မြို့နယ် [illegible] — ကျေးရွာအုပ်စု [illegible] |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် — စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \| အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | ၁၂၀၀' x ၁၈' x ၉" | | ☐ ကျား ☐ မ ☑ ကျား+ မ | ၈,၀၀၀,၀၀၀ | | ၁၅၀၀,၀၀၀ \| | ၉၅၀၀,၀၀၀ |
| [illegible] | [illegible] | ၃၀၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉၀၀၀၀၀၀ | | ၃၀၀၀,၀၀၀ \| | ၁၂,၀၀၀,၀၀၀ |
| [illegible] | [illegible] | ၃၀၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | | ၅၉၄၅၂၄ \| | ၉၅၉၄၅၂၄ |
| [illegible] | [illegible] | ၂၅၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | | ၆,၀၀၀၀၀ \| | ၉,၆၀၀,၀၀၀ |
| [illegible] | [illegible] | ၄၀၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၉,၀၀၀,၀၀၀ | | ၁၀၀၀,၀၀၀ \| | ၁၀,၀၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် [illegible] လက်မှတ်၊ [signature] ရက်စွဲ၊ ၁၄ . ၁ . ၂၀၁၇

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အထိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ ပေါ်ပင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး ကျော်ဝင်းမြင့် ၊ ဒေါ် သက်မွန်ဦး |
| နေ့စွဲ ၁၄ . ၁ . ၂၀၁၇ — စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း မန္တလေး — မြို့နယ် ဝမ်းတွင်းမြို့ — ကျေးရွာအုပ်စု သာဟင်ငန်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ ၊ အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ကုန်းရွာ | မိုးကြိုး ဖိုက်တွင်း ပါ၀ါ မီတာ ဒွယ်တက်ခြင်း | ၁၈၅၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၅,၀၀၀,၀၀၀ | | ၈၀၀,၀၀၀ | ၅,၈၀၀,၀၀၀ |
| ထိုးစေတ | ဆင်ကျင်ဆက် ဖြန့် မီးလင်းခြင်း | ၃၃ ကီလိုဗို့ KVA ၂၀၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၅,၀၀၀,၀၀၀ | | ၅၀၀,၀၀၀ | ၅,၅၀၀,၀၀၀ |
| တောရွာ | ဆင်ကျင်ဆက် ဖြန့် မီးလင်းခြင်း | ၃၃ ကီလိုဗို့ KVA ၂၂၀၀' | | ☐ ကျား ☑ မ ☑ ကျား+ မ | ၈,၀၀၀,၀၀၀ | | ၇,၀၀၀,၀၀၀ | ၁၅,၀၀၀,၀၀၀ |
| ခံမြ | ဆင်ကျင်ဆက် ဖြန့် မီးလင်းခြင်း | ၂၇၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၈,၇၀၀,၀၀၀ | | ၁,၅၀၀,၀၀၀ | ၁၀,၂၀၀,၀၀၀ |
| ရွေးမြက် | ရေနိုက်လိုင်း ဒွယ်တက်ခြင်း | ၁၀၇၀၀' | | ☐ ကျား ☐ မ ☑ ကျား+ မ | ၅,၀၀၀,၀၀၀ | | ၇၀၀,၀၀၀ | ၅,၇၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် — ဦးဦးဝင်း လက်မှတ်၊ — [signature] ရက်စွဲ၊ ၁၄ . ၁ . ၂၀၁၇

# ပုံစံ - ၁ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးကျော်ဇင်မြင့် ၊ ဒေါ် သက်မွန်ဦး

နေ့စွဲ ၁၄.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(V) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း မန္တလေး | မြို့နယ် ညောင်ဦး | ကျေးရွာအုပ်စု တောင်ဇင်း

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ညောင်ရေ | ရေသွတ်ကန်နှင့် ရေပိုက်လိုင်း သွယ်တန်းခြင်း | | | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၅,၀၀၀,၀၀၀ | | | | ၅,၀၀၀,၀၀၀ |
| ပန်းတွင်း | တံတားကျောက် အောင်မြင် | ၅၀' × ၂၇' × ၁၀' | | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၅,၅၀၀,၀၀၀ | | | | ၅,၅၀၀,၀၀၀ |
| ကံကျေ | ရေကျော် မြောင်းခြင်း | ၁၆၅' × ၁၂' × ၁'၆" | | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၅,၀၀၀,၀၀၀ | | | | ၅,၀၀၀,၀၀၀ |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရေသူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ၁၄.၁၁.၂၀၁၇ လက်မှတ် [signature] ရက်စွဲ ၁၄.၁.၂၀၁၇

"လူထုဗဟိုပြု စီမံကိန်း"

ဒုတိယနှစ် စက်ဝန်း

စီမံကိန်း မိတ်ဆက် အစည်းအဝေး မှတ်တမ်း

ကျေးရွာအမည် - ဘုန်းတော်    မြို့နယ်အမည် - တောင်ငူ

နေရာ - ဘုန်းကြီးကျောင်း    ရက်စွဲ - ၅.၁.၂၀၁၇

အစည်းအဝေး စတင်ချိန် - ၁း၀၀    ပြီးဆုံးချိန် - ၅း၀၀

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား ( ၃၅ ) မ ( ၉၅ )

လူထုဗဟိုပြု စီမံကိန်း ဒုတိယနှစ် စက်ဝန်း ပထမအကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေးကို ၅.၁.၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။ ပထမဦးစွာ အခမ်းအနား အစီအစဉ်များကို ကြေညာကြားခဲ့ပါသည်။ ထို့နောက် အခမ်းအနား ဖွင့်လှစ်ကြောင်း ပြောကြားပေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဝေ မှ အဖွင့်အမှာ စကား ပြောကြားခဲ့ပါသည်။ ကျေးရွာလူထုမှ အစည်းအဝေးများ တက်ရောက်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် နှင့် တိုင်ပင်ဆွေးနွေးပြီး ပြုလုပ်ကြရန် ပြောကြားခဲ့ပြီး အစည်းအဝေး မပြီးဆုံးဘဲ မပြန်သွားကြပါ အစည်းအဝေး ပြီးဆုံးသည် အထိ တက်ရောက်၊ နားပေးကြရန် ပြောကြားခဲ့ပါသည်။

လူထုစည်းရုံးရေးမှူး ဦးကျော်ဇင်မြင့် မှ ယခု အစည်းအဝေး ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းပြခဲ့ပြီး အလုပ်တွေ မအားလပ်ပေမယ့် အစည်းအဝေးကို တက်ရောက်ပေးတဲ့ အတွက် ကျေးဇူးတင်ကြောင်း ပဏာမ ပြောကြားခဲ့ပါသည်။ ထို့နောက် လူထုဗဟိုပြု စီမံကိန်း အကြောင်းကို ကျေးရွာ လူထု နှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး စီမံကိန်း၏ ရည်ရွယ်ချက်ကို ကျေးရွာလူထု နားလည်အောင် ရှင်းပြ ဆွေးနွေး ခဲ့ပါသည်။

ထို့နောက်ဆော်သြသူကလျှင် မှ စီမံကိန်း စက်ဝန်း အကြောင်းအရာ များတွင်ပါဝင်သော အပိုင်း ( ၆ ) ပိုင်း နှင့် အဆင့် ( ၁၄ ) ဆင့် ကို သေချာစွာ ရှင်းပြခဲ့ပါသည်။

စီမံကိန်း တက်ဝင် အသင်း တစ်ခု စီတွင် ပထမဦးစွာ တွေ့ကြုံခဲ့သော

အကြောင်းအရာများကို ပြန်လည် ဆွေးနွေးခဲ့ပြီး အသင်းတိုင်းတွင် ဥပမာများ

ပေး၍ ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။ ထို့နောက်

ရန်ပုံငွေ အကြောင်းကိုဖော်ဆောင်မှုပိုင်း မှ ရှင်းပြခဲ့ပါသည်။ စီမံကိန်း မှ

ရန်ပုံငွေများ ချထားပေးရာတွင် တစ်ရွာချင်း စီ၏ လူဦးရေကို ထောက်ပံ့

တာမဟုတ်ပဲ အုပ်စုရဲ့ လူဦးရေ အပေါ်မှာ မူတည်ပြီး ထောက်ပံ့ပေးသော

ကြောင့် အုပ်စုမှ သုံးဖြတ်မည် ဖြစ်ကြောင်း နှင့် ရန်ပုံငွေများကို ခွဲဝေရာတွင်

လုပ်ငန်းများ အပေါ် မူတည်ပြီး ခွဲဝေသတ်မှတ်ကြောင်း ရှင်းပြခဲ့ပါသည်။

ယခုနှစ် အတွက် ရန်ပုံငွေ အပြောင်းအလဲ ရှိကြောင်း ကိုလည်း ကျေးရွာလူထု

အားလည်းကောင်း ရှင်းပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျေးရွာတွင် ယခုနှစ်

လုပ်မည့် လုပ်ငန်းများ အတွက် အကျုံးဝင်သော လုပ်ငန်းများနှင့် အကျုံးမဝင်သော

လုပ်ငန်းများကိုဖော်ပြလာခြင်း မှ ရှင်းပြခဲ့ပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး

အတွက် ကျေးရွာမှ အဆိုပြုထားသော လုပ်ငန်းများကို မြို့နယ်သို့ တင်ပြရပါ

သည်။ မြို့နယ်မှ ခွင့်မပြုသော လုပ်ငန်းများကို လုပ်ဆောင်၍ မရကြောင်း

ရွာသားများ ထိခိုက်နစ်နာသော လုပ်ငန်းများနှင့် အရည်အသွေး မပြည့်မီသော

လုပ်ငန်းများ မရကြောင်း ကျေးရွာလူထု အားလည်းကောင်း ရှင်းပြခဲ့ပါသည်။

ဆက်လက်၍ အကာအကွယ် အကြောင်းကိုလည်း ရှင်းပြ ဆွေးနွေးခဲ့ပါသည်။

လူတိုင်း အတွက်လည်း အကာအကွယ်များ အသုံးပြုသင့်ကြောင်းကို

ဥပမာများဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ပါသည်။ ဖြစ်နိုင်ခြေ ရှိသည့် ဆိုးကျိုး

များကို လျှော့ချနိုင်ရန် အတွက် အကာအကွယ် ဆိုတာ အရေးကြီးကြောင်း

ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စီမံကိန်း၏ အဓိက အခန်းကဏ္ဍ တစ်ခု ဖြစ်သော

ကျား၊မ ရေးရာကို ဦးကျော်ဇင်ဖြိုး မှ ဆွေးနွေးခဲ့ပါသည်။ ကျား၊မ ရေးရာ

အတွက် မေးခွန်းများ မေးခဲ့ပြီး ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေး

ခဲ့ကြသည်။ ကျား၊မ ရေးရာ၏ အဓိက အချက် (၆) ချက်ကိုလည်း၊

သေချာ ဆွေးနွေးခဲ့ပြီး၊ ဝေဖန် အကြံပြု တိုင်ကြား ဖြေရှင်းရေး ယန္တ

အကြောင်းကိုလည်း ဆေးခန်းများနှင့် ပေါင်း ဆွေးနွေးခဲ့ပါသည်။ လူငယ်များ လုပ်ဆောင်ရာတွင် မှန်ကန်၊ မြန်ဆန်မှု ရှိစေရန်နှင့် လျင်မြန် ထိရောက်စွာ တုံ့ပြန် ဖြေရှင်းပေးနိုင်သော နည်းဗျူဟာကြောင်းကို ကျေးရွာလူထုနှင့် ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် အကြံပြု တိုင်ကြား ဖြေရှင်းရေး နည်းစနစ် လက်ကမ်းစာစောင် များနှင့် အသိအမြင် ဗီနိုင်းပုံများကိုလည်း ကျေးရွာ လူထု အားလည်းကောင်း ဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီး လူငယ်၊ လုပ်ဖော် ပြုမူ ထိန်းသိမ်းရေး အကြောင်းကိုဒေါ်သူဇာမြင့် မှ ဆွေးနွေးခဲ့ပါသည်။ လူငယ်များ ရရှိသည့်တည် တံ့ခိုင်မြဲအောင် ၊ ဆက်လက် အာရုံပြုနိုင်အောင် ၊ လည်ပတ်ထိန်းသိမ်း ရေး အစီအစဉ်များ လိုအပ်ကြောင်း ၊ ရေရှည်တည်ရမည့် မူဝါဒကြောင်းနှင့် ရန်ပုံငွေများလည်း ကောက်ခံထားသင့်ကြောင်း ဥပမာများ ဖြင့် ကျေးရွာ လူထု အားလည်းကောင်း ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထုမှ လည်း ပူးပေါင်း ပါဝင်မှုသာ အောင်မြင်နိုင်မည်ဟု ဆွေးနွေးခဲ့ပါသည်။ ထို့နောက် အခွင့်အရေး နှင့် တာဝန်ဝတ္တရားများကို ဒေါ်ခင်မျိုးမြင့် မှ ဆွေးနွေးခဲ့ပါသည်။ ကျေးရွာလူထု တွင် အခွင့်အရေးများ ရှိကြောင်း ထိုအခွင့်အရေးများကို သိရှိပြီး အသုံးချတတ်ဖို့ လိုအပ်ကြောင်း ၊ ဆုံးဖြတ်ချက် ချပိုင်ခွင့် တွေကို သိရှိ ပြီး သတင်း အချက်အလက်တွေ ရယူဖို့ ဆွေးနွေးခဲ့ပါသည်။

ကျေးရွာ ဗီ၊ ဝေတက် ကော်မတီဝင်တွေရဲ့ တာဝန်ဝတ္တရားများကို သေချာ မှာ အားလည်းကောင်း ရှင်းပြပေးခဲ့ပြီး တာဝန်ယူမှု ၊ တာဝန်ခံမှု၊ တာဝန် ကျေပွန်မှု ၏ အဓိပ္ပာယ်များကို ရှင်းလင်း စွာ ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ စီမံကိန်းမှ ထုတ်ပြန်ထားသော ဆောင်ရန် ၊ ရှောင်ရန် ကျင့်ဝတ်များကို ကျေးရွာတွင် ကြုံတွေ့နေရသော ဥပမာများဖြင့် ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ကျေးရွာ အတွက် လိုအပ်ပြီး စေတနာထား ပြုလုပ်လိုသော စီမံကိန်းကို စိတ်ဝင်စားသော ကျေးရွာ စေတနာ့ ဝန်ထမ်း ( ၂၂ ) ဦးကို ကျား ( ၁၁ ) ဦး ၊ မ ( ၁၁ ) ဦး ရွေးချယ်ခဲ့ပါသည်။ ကျေးရွာလူထုမှ ရွေးချယ် တင်မြှောက်ခဲ့ပြီး စေတနာ့ဝန်ထမ်း များမှ လည်း စီမံကိန်းကို စိတ်ဝင်စားသော ကြောင့် လာမှန် ၊ နေရာမှန် ရှိခဲ့ပါသည်။

# လူထုဗဟိုပြု စီမံကိန်း

## ဒုတိယ ဝန်ခံ စာတမ်း

## စီမံကိန်း မိတ်ဆက် အစည်းအဝေး မှတ်တမ်း

ကျေးရွာအမည် - ဘုန်းတော်　　　ကူညီသူအမည် - တောင်ရင်း

နေရာ - ဘုန်းကြီးကျောင်း　　　ရက်စွဲ - ၆.၁.၂၀၁၇

အစည်းအဝေး စတင်ချိန် - ၁:၀၀　　　ပြီးဆုံးချိန် - ၅:၀၀

အစည်းအဝေး တက်ရောက်သူ လူဦးရေ - ကျား (၇၅) မ (၉၅)

အစည်းအဝေး မစတင်ခင် ကျေးရွာလူထုနှင့် ပထမရဲ့ အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး နောက် ဒုတိယရဲ့ အစည်းအဝေး အစီအစဉ်များကို ဦးကျော်ဇေမင်း မှ ရှင်းပြခဲ့ပါသည်။ ထို့နောက် လူမှုသန်းစစ်ခြင်း များ မှလုပ်ရသည့် ရည်ရွယ်ချက် အစီအစဉ်နှင့် ပထမနှစ်က တွေ့ကြုံခဲ့ရသော အကြောင်းအရာများကို အနည်းငယ် ပြောကြားခဲ့ပြီး အုပ်စု ခွဲ၍ ဆွေးနွေးခဲ့ပါသည်။ လူမှု၊ အရင်းအမြစ် မြေပုံ၊ ဥစ္စာဓန ပိုင်ဆိုင်မှု အဆင့် ခွဲခြားသတ်မှတ်ခြင်း၊ ရာသီဥတုပြ ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှု ပုံကားချပ်၊ ကျား၊မ ပင့်ကူအိမ် နှင့် ကျား၊မ အရင်းအမြစ် ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု တို့ကို ကျေးရွာလူထု အားလုံး ပူးပေါင်း ပါဝင်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုမှ PRA တစ်ခုချင်းစီကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကျေးရွာလူထုကို ကျား၊မ အုပ်စု များ ခွဲ၍ ကျေးရွာတွင် အရေးတကြီး လိုအပ်သော၊ ရင်ဆိုင် နေရသော အခက်အခဲ များ နှင့် မျှော်မှန်းချက် များကို တိုင်ပင် ဆွေးနွေး စေခဲ့ပြီး စာရွက်ပေါ်တွင် ချရေးခဲ့သည်။ ထို့နောက် အခက်အခဲ များ၏ အကြောင်း အရင်းကို အဖြေရှာရန် အတွက် သစ်ပင်နှင့် နှိုင်းယှဉ်ပြီး ပြဿနာ သစ်ပင်ရေးဆွဲရာ အကြောင်းအရာများ နှင့် အကျိုး

သက်ရောက်မှု များကိုလည်း၊ ကျေးရွာလူထုအား နားလည်နိုင်သော ဥပမာ များဖြင့် ရှင်းပြခဲ့သည်။ ထို့နောက် ကျေးရွာအတွက် ဦးစားပေး လုပ်ငန်း များ ရွေးချယ်ရာတွင် လိုချင်တာနဲ့ လိုအပ်တာကို ခွဲခြားစေအောင် ဥပမာများဖြင့် ဆွေးနွေးခဲ့ပြီး ကျေးရွာလူထု၏ အများသဘော အတိုင်း ဦးစားပေး လုပ်ငန်းများကို ရွေးချယ်ခဲ့ပါသည်။ ဦးစားပေး လုပ်ငန်းများ ရွေးချယ်ပြီးသောအခါ ကျေးရွာ၏ ( ၄ ) နှစ်တာ ဖွံ့ဖြိုးရေး အစီအစဉ် ကို ရေးဆွဲခဲ့သည်။

ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲ ရွေးချယ်ပြီး သောအခါ ထိုလုပ်ငန်းများ လုပ်ကိုင် အကောင်အထည်ဖော်နိုင်ရန် ကျေးရွာတွင် ကော်မတီများ ဖွဲ့စည်းရန် လိုအပ်ကြောင်းကို ထပ်မံရှင်းပြ ခဲ့ပါသည်။ ကော်မတီများ ဖွဲ့စည်းရန် အတွက် ကျေးရွာ စီ၊ ဆောက် ကော်မတီ ဖွဲ့စည်းပုံနှင့် အုပ်စု ကော်မတီ ဖွဲ့စည်းပုံတို့ကို ပထမဦးစွာ ရှင်းပြခဲ့ပြီး ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ထပ်မံရှင်းပြ ခဲ့ပါသည်။ ကော်မတီများ ရွေးချယ်ရာတွင် ဆွေမျိုး အရင်းများ မပါဝင်ရန်၊ လူမှန်၊ နေရာမှန် ရွေးချယ်တတ်ရန် အရေးကြီးကြောင်း ဆွေးနွေးခဲ့ပြီး ကျေးရွာလူထု အများသဘောဆန္ဒဖြင့် ကော်မတီဝင်များကို ရွေးချယ်ခဲ့ ပါသည်။

အကြောင်းအရာများ အားလုံးကို အနှစ်ချုပ်ပြီး အစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်၊ ကော်မတီဝင်များ အားလုံးကို အချက်အလက်များ ဖြည့်ခဲ့ပြီး လက်မှတ်ရေးထိုး စေခဲ့ပါသည်၊ ကျေးရွာ စီ၊ ဆောက် ကော်မတီဝင်များနှင့် မှတ်တမ်း ဓာတ်ပုံ ရိုက်ကူး ခဲ့သည်နှင့် ပိတ်ကိန်း ပိတ်သည် အစည်းအဝေး အောင်မြင်စွာ ပြီးဆုံး ခဲ့ပါသည်။

ကဏ္ဍအလိုက် အစက်အခဲမှတ်တမ်း

## ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | မီးကြိုး ၊ မီးတိုင် | ကျား၊ မ | ၁/၂၀၁၇ | | |
| | ၂ | [illegible] | " | " | | |
| | ၃ | ဘက်စုံသုံး ခန်းမ | မ | " | | |
| | ၄ | ကျောက်ချောလမ်း ခင်းရေး | ကျား+မ | " | | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | [illegible] များအတွက် ငွေချေးအသင်း အဖွဲ့ | မ | " | | |
| | ၂ | လူငယ်များ အတွက် လက်မှု သင်တန်း | မ | " | | |
| | ၃ | [illegible] ၊ [illegible] | ကျား+မ | " | | |
| | ၄ | အတွက် [illegible] | | | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| လူမှုရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |